မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 6 / Issue 1 / January / 2013*




## ပျော်ရွှင်နှစ်သစ် ၂၀၁၃

## ၂၀၁၃ ခုနှစ်အတွက် ခွန်အားယူရန် ရွှေကျမ်းချက်။

**ဆာလံကျမ်း ၁၁၅:၁၁–၁၃–၁၅**

❖ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ ထာဝရဘုရားကို ကိုးစားကြလော့။

❖ထာဝရဘုရားသည် ထိုသို့သောသူတို့ကို မစသောသူ၊ ကွယ်ကာသောသူ ဖြစ်တော်မူ၏။

❖ထာဝရဘုရားသည် ငါတို့ကို အောက်မေ့တော်မူ၏။ ကောင်းကြီးပေးတော်မူမည်။

❖ထာဝရဘုရားကို ကြောက်ရွံ့သောသူ အကြီးအငယ်တို့ကို ကောင်းကြီးပေးတော်မူမည်။

❖ထာဝရဘုရားသည် သင်တို့နှင့် သင်တို့သားမြေးတို့၌ မင်္ဂလာကို တိုးပွားစေတော်မူမည်။

# ထာဝရဘုရားကိုကြောက်ရွံ့သောသဘော

## မည်သူ့ကိုကြောက်ရမည်နည်း။

သုတ္တံကျမ်း–၂၉း၂၅ တွင်၊
လူကို ကြောက်ရွံ့ခြင်းသဘောသည် ကျော့ကွင်းကို ထောင်တတ်၏။ ထာဝရဘုရားကို ခိုလှုံသောသူမူကား လုံခြုံလိမ့်မည်။

ရှင်မဿဲ–၁၀း၂၈ တွင်၊
ကိုယ်ခန္ဓာကိုကာသတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သော သူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ငရဲ၌ ဖျက်ဆီးနိုင်သော သူကို သာ၍ကြောက်ကြလော့။

## ထာဝရဘုရားကိုကြောက်ရွံ့သောသူ၏အသက်တာ။

သုတ္တံကျမ်း–၈း၁၃ တွင်၊
ထာဝရဘုရားကို ကြောက်ရွံ့သောသဘောကား၊ ဒုစရိုက်ကို မုန်းသောသဘောတည်း။ မာနထောင်လွှားခြင်း၊ စော်ကားခြင်း၊ မကောင်းသောလမ်းသို့လိုက်ခြင်း၊ ကောက်သောစကားဖြင့် ပြောဆိုခြင်းတို့ကို ငါမုန်း၏။

သုတ္တံကျမ်း–၁၅း၁၆ တွင်၊
နှောက်ယှက်ခြင်းနှင့်ယှဉ်၍ ကြီးစွာသော စည်းစိမ်ထက် ထာဝရဘုရားကို ကြောက်ရွံ့ခြင်းနှင့်ယှဉ်သော ဥစ္စာအနည်းငယ်သည် သာ၍ကောင်း၏။

## ထာဝရဘုရားကိုကြောက်ရွံ့ခြင်း၏အကျိုးကျေးဇူးများ။

သုတ္တံကျမ်း–၉း၁၀ တွင်၊
ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏မူလမြစ်ဖြစ်၏။ သန့်ရှင်းတော်မူသောဘုရားကို သိကျွမ်းသောသဘောသည် ဉာဏ်ဖြစ်၏။

သုတ္တံကျမ်း–၁၉း၂၃ တွင်၊
ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် အသက်ရှင်ခြင်းနှင့် ဆိုင်သည်ဖြစ်၍၊ ထိုသဘောရှိသောသူသည် အလိုဆန္ဒပြည့်စုံလျက်ရှိ၍ ဘေးဥပဒ်နှင့် ကင်းလွတ်လိမ့်မည်။

သုတ္တံကျမ်း–၂၂း၄ တွင်၊
ထာဝရဘုရားကို ကြောက်ရွံ့ခြင်းကျေးဇူးကြောင့် စည်းစိမ်၊ ဂုဏ်အသရေနှင့် အသက်ကို ရတတ်၏။

ပေးပို့သူ – ဦးမိုးသာ

# WHAT WOULD JESUS DO IN 2013? (WWJD 2013?)

Every exist is an entrance to another road.






Is 2013 New Year or Next Year for us?

The object of the New Year is not that we should have a new year. It is that we should have a new soul.

## နှစ်သစ် (ခ) အသစ်သော အရာများ အပေါ် အမြင်အချို့

- အသစ်အသစ်သော အရာများအတွက် မည်မျှပင်ကုန်ကျစေကာမူ အမေရိကန်လူမျိုးများသည် အသစ်သော အရာများအားလုံးကို လေးစားတတ်ကြသည်။ (ဂျွန်အပ်ဒိုက်)
- ယခုမှစတင်တွေ့ရှိ၊ သိရှိရသောအရာများကို အသစ်သောအရာများဟု ကျွန်ုပ်တို့သည် ထင်တတ်ကြသည်။ (မယ်ဒလင်း အယ်လ် အန်းဂဲလ်)
- လူတိုင်းလူတိုင်း ဇန်နဝါရီလ၏ပထမဆုံးသောနေ့ ၌ အသစ်တဖန်မွေးဖွားရန် လိုအပ်ပါသည်။ (ဟင်နရီဝဒ် ဘီးချား)
- ဖြူစင်သန့်ရှင်းသော သစ္စာကတိ ပြုမှုများဖြင့် နှစ်သစ်သည် မုန်တိုင်းများကြား၌ မွေးဖွားလာတတ်ပါသည်။ (ဂျော့ဂျ် ဝီလျံ ကားတစ်)
- ဇန်နဝါရီလ ၁ရက် နှစ်သစ်အချိန်တွင် ကျွန်ုပ်တို့ တစ်ဦးကိုတစ်ဦး တစ်အိမ်ပြီး တစ်အိမ်လှည့်လည်ဝင်ထွက်ကာ နှုတ်ခွန်း ဆက်သခဲ့ကြပါသည်။ ကျန်ရှိသောရက်များသည် ကျွန်ုပ်တို့နှလုံးသားအိမ် (အခန်းများ)ဖြင့် ရှေ့လာမည့်အချိန်များအတွက် အလုပ်လုပ်ရမည်ဖြစ်သည်။ (အယ်လင် ဂွဒ်မန်း)
- နှစ်သစ်တစ်နှစ်၏ သင်္ကေတသည် ကျွန်ုပ်တို့အသစ်သောနှစ်ကို ရရှိရန်အတွက် သာမဟုတ်ဘဲ အသစ်သောနှလုံးသားဝိညာဉ် ရရှိရမည့်အချိန် ဖြစ်သည်။ (ဂျီ ကေ ချက်စ်တာတွန်)
- ကောင်း/ မကောင်း မသိပေမယ့် လာမယ့်နှစ်သစ်ကိုတော့ ကြိုဆိုပါတယ်။ (မြန်မာကဗျာဆရာတစ်ဦး)

## သရုပ်ပြခြင်း၊

(Illustration)

What is your New Year Resolution?

### နှုတ်ကပတ်တော် လေ့လာခြင်း (၁)

ဘုရားသခင်နှင့်အတူသွားပါ။

အသစ်သောနယ်မြေ (အခြေအနေ) သို့သွားပါ။ အောင်မြင်စေမည်။

(ကမ္ဘာ၊၄၆း၃-၄) ထာဝရဘုရားကလည်း၊ ငါသည် ဘုရားသခင် ဖြစ်၏။ သင့်အဘ၏ ဘုရားသခင်ဖြစ်၏။ အဲဂုတ္တုပြည်သို့ သွားမည့်အခွင့်ကို မစိုးရိမ်နှင့်။ ငါသည် ထိုပြည်၌ သင့်ကို လူမျိုးကြီးဖြစ်စေမည်။ အဲဂုတ္တုပြည်သို့ သင်နှင့်အတူ ငါသွားမည်။ တဖန် ငါဆောင်ခဲ့ဦးမည်။

### နှုတ်ကပတ်တော် လေ့လာခြင်း (၂)

ဘုရားသခင်အားမေးပါ။

ဘုရားသခင်၏ လမ်းပြမှုကို ခံယူကာ အသစ်သောအရာများကို ရင်ဆိုင်ပါ။

(၅ရာ၊၁၄း၁၃-၁၆) ဒါဝိဒ်သည်လည်း ဘုရားသခင်ကို တဖန်မေးလျှောက်သော်၊ ----

## အပြောင်းအလဲများ၏ နိယာမ၊

(Coping with Change)

အပြောင်းအလဲများသည်

- ကျွန်ုပ်တို့ရှင်သန်ခြင်းအတွက် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်ပါသည်။
- ကျွန်ုပ်တို့၏အသက်တာ လန်းဆန်းစေနိုင်ဖို့ရန် လှုံ့ဆော်ပေးသော စိန်ခေါ်မှု ဖြစ်ပါသည်။
- အသစ်သောဖြစ်နိုင်ခြေများကို ဖေါ်ထုတ်ပေးပါသည်။
- ကျွန်ုပ်တို့အား ရှင်သန်စေသည်။

## ကျွန်ုပ်တို့၏ဝတ္တရားများ

(Our Needs and Responsibilities)

၁) အရာရာ၌ ရှင်လန်းစွာ အစပြုရန် လိုအပ်သည်။ (We need a fresh start)
   ပြန်လည်သုံးသပ်ပြီး (After evaluating ….)

၂) အသစ်သောနည်းလမ်းများဖြင့်အသက်ရှင်နိုင်ရန် ပြင်ဆင်ရမည်။
(We must prepare for new ways to live)

၃) လူများကို အသစ်သောအမြင်များဖြင့် မြင်တတ်ရန် ပြင်ဆင်ရမည်။
(We must prepare for new ways to look at people)

၄) အသစ်သောနည်းလမ်းများဖြင့်ပေးကမ်း၊ ဝေမျှ၊ အစေခံ ရမည်။
(We must prepare new ways to give, share and serve)

## သရုပ်ပြခြင်း၊
## (Illustration)

PRAISE, TRUST, EXPECT, SERVE




| | | |
|---|---|---|
| Look Backward (Past) | - | PRAISE |
| Look Forward (Future) | - | TRUST |
| Look Upward (Above) | - | EXPECT |
| Look Around (Community) | - | SERVE |

- ခံစားရှိခဲ့သော ကောင်းကြီးများကို ချီးမွမ်းပါ။
- အနာဂတ်ကို ယုံကြည်ကိုးစားခြင်းဖြင့် ချီတက်ပါ။
- အထက်အရပ်သို့သာ မျှော်လင့်စောင့်စားပါ။
- အများအကျိုးအတွက် ဆောင်ရွက်ပါ။

## ၂၀၁၃ နှစ်သစ် (၁) အသ စ်သောအသက်တာအတွက် ကတိသစ္စာ
## (2013 New Year Resolution)

**ကျွန်ုပ်သည် ကျေးဇူးတော်သက်သက်ကြောင့်သာ ရရှိခံစားရသော ၂၀၁၃ ခုနှစ်တွင် … …**

၁) နာကျင်ခြင်းဝေဒနာများဖြင့် ညည်းတွားနေမည့်အစား ခံစားရသောကျန်းမာခြင်းအကြောင်းကိုသာ ပြောဆိုပါမည်။
၂) ဆုံးရှုံးခြင်းများအစား ခံစားခဲ့ရသောကြွယ်ဝမှုများ၊ ကောင်းကြီးမင်္ဂလာများအကြောင်းကိုသာ ပြောဆိုပါမည်။
၃) မကောင်းသော သတင်းစကားများကို သယ်ဆောင်မည့်အစား မင်္ဂလာသတင်းများကိုသာ ဖြန့်ဝေပါမည်။
၄) ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို ပြောမည့်အစား ဝမ်းမြောက်ပျော်ရွှင်ဖွယ်ရာ အဖြစ်အပျက်များကိုသာ ပြောဆိုပါမည်။
၅) လေးလံလွန်းသည့် ဝန်ထုတ်ဝန်ပိုးများအကြောင်းကို ပြောမည့်အစား ခံစားရသော ကောင်းကြီးမင်္ဂလာများအကြောင်းကိုသာ ဝေမျှပြောဆိုပါမည်။
၆) မလှပသော အချိန်ကာလများအကြောင်းဖြင့် ညည်းတွားနေမည့်အစား ကြည်လင်သာယာသောအချိန်ကာလများအကြောင်းကိုသာပြောဆိုပါမည်။
၇) သူတပါးအား ဝေဖန်နေမည့်အစား ခွန်အားပေးသောသူ အဖြစ်အသက်ရှင် သွားပါမည်။
၈) လူတိုင်းအတွက် မိတ်ဆွေကောင်းတစ်ဦးအဖြစ် ဆက်လက်ရပ်တည်ကာ အသက်ရှင်သွားပါမည်။

## နိဂုံး (Conclusion)

နေ့စဉ်လျှောက်လှမ်း လုပ်ကိုင်ဆောင်ရွက်ရမည့်အသက်တာ၊ လုပ်ငန်းများတွင်

– သီလ ၊ သစ္စာသမ္မာတရားများ တည်မြဲလျက် လျှောက်လှမ်းလုပ်ဆောင်ပါက … …
– မေတ္တာဘာဝနာပွားများကာ လူသားအကျိုးပြု(ကိုယ်နှင့်စပ်ဆိုင်သောသူများအတွက်)လုပ်ငန်းများတွင် ကြိုးကြိုးစားစား တက်တက်ကြွကြွပါဝင်လုပ်ဆောင်ပါက … …
– သခင်ယေရှုဘုရားနှင့်အတူ လျှောက်လှမ်းလုပ်ဆောင်ပါ။

WALKING WITH JESUS DAILY (WWJD)

**ပျော်ရွှင်၊ ဝမ်းမြောက်၊ ငြိမ်သက်၊ လှပ၊ ကြွယ်ဝ၊ ပြည့်စုံသော နှစ်သစ်ဖြစ်ပါစေ။**

# HAPPY BLESSED NEW YEAR 2013

မေတ္တာမွန်ဖြင့်
S' Joseph (Yangon Pwo Kayin Baptist Church, Ahlone, Yangon, Myanmar)
Ph. D. Student
Talbot School of Theology, Biola University, La Mirada
Lecturer and Dean of Students (LAP)
Myanmar Institute of Theology



# You Are So Blessed!

If you woke up this morning with more health than illness,
you are more blessed than the million who won't survive the week.

If you have never experienced the danger of battle, the loneliness of imprisonment, the agony of torture or the pangs of starvation, you are ahead of 20 million people around the world.

You attend a church meeting without fear of harassment, arrest, torture, or death, you are more blessed than almost three billion people in the world.

If you have food in your refrigerator, clothes on your back, a roof over your head and a place to sleep, you are richer than 75% of this world.

If you have money in the bank, in your wallet, and spare change in a dish someplace, you are among the top 8% of the world's wealthy.

If your parents are still married and alive, you are very rare, especially in the United States you hold up your head with a smile on your face and are truly thankful, you are blessed because the majority can, but most do not.

If you can hold someone's hand, hug them or even touch them on the shoulder, you are blessed because you can offer God's healing touch.

If you can read this message, you are more blessed than over two billion people in the world that cannot read anything at all.

You are so blessed in ways, you may never even know.



# Blessings To You!






## I'LL BE WITH YOU

When you're LONELY...
I wish you LOVE!

When you're DOWN...
I wish you JOY!

When you're TROUBLE...
I wish you PEACE!

When things seem EMPTY...
I wish you HOPE!

## HAPPY NEW YEAR